# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 31, 2022 Volume 50, Number 20


၃၁.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၉ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၇၂၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၈၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၈၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၂.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၃.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၃၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းဈေးကွက်မှာ သကြားဈေး နှစ်ဆနီးပါးတက်




https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/4238-sugar-price-rise.html

ပြည်တွင်းဈေးကွက်မှာ ပြီးခဲ့တဲ့ ဇန်နဝါရီလက သကြားတစ်ပိဿာကို ၁၀၀၀ ကျပ် ဝန်းကျင်သာရှိရာက အခု ၂၀၂၂ ဇန်နဝါရီမှာ၂၀၀၀ ကျပ်အထိ နှစ်ဆနီးပါး ဈေးမြင့်တက်လာပါတယ်။ ဒါဟာ တနှစ်အတွင်း ကျပ်တစ်ထောင်ဝန်းကျင်ကို ဈေးမြင့်တက်လာတာ ဖြစ်ပါတယ်။

ပုံမှန်ဝယ်နေကျ တရုတ်ဘက်က အဝယ်တွေလျော့နည်းသွားခဲ့ပေမယ့် ပြီးခဲ့တဲ့နှစ်အတွင်းကစလို့ဗီယက်နမ်က မြန်မာ့သကြားကို ဝယ်ယူမှုတွေရှိလာပြီး ဒီနှစ်မှာလည်း တန်ချိန်တစ်သိန်းကျော် တင်ပို့ဖို့လျာထားချက်လည်းရှိနေပါတယ်။ ဒါပေမဲ့ သကြားဈေးတွေ ပြည်တွင်းဈေးကွက်မှာ မြင့်တက်နေသလို ပြည်ပဝယ်လိုအားကြောင့် ဈေးကောင်းတွေ ရနေပေမယ့်လည်း တစ်ဖက်မှာ ကြံစိုက်တောင်သူတွေအနေနဲ့ အကျိုးအမြတ် မခံစားရသေးဘဲ အခက်အခဲတစ်ချို့နဲ့ ရင်ဆိုင်နေကြရပါတယ်။

ကသာဒေသက ကြံစိုက်တောင်သူတစ်ဦးက စက်ရုံတွေကို ကြံတွေတင်ပို့နေပေမယ့် ဒေသတွင်းက စက်ရုံတစ်ချို့က ငွေရှင်းမပေးသေးဘဲ ကြန့်ကြာနေတာကြောင့် ကြံတွေကို စက်ရုံကို တင်ပို့တာ ခဏရပ်ဆိုင်းထားတယ်လို့ပြောပါတယ်။ ဒါကြောင့် ကြံစိုက်တောင်သူတွေအနေနဲ့ ဈေးကောင်းရနေတဲ့အချိန်မှာ ရသင့်တဲ့အကျိုးအမြတ်ကို ခံစားခွင့်ရဖို့ စက်ရုံတွေလည်းပတ်ပြီး ကျသင့်ငွေတွေရှင်းပေးဖို့ မျှော်လင့်ချက်တွေရှိနေပါတယ်။

**Source: BBC**

https://www.foodindustrydirectory.com.mm/food-industry/cuisine/ myanmar /item/4238-sugar-price-rise.html


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် MAEX က ဝင်ငွေ ကျပ် ၈.၃ ဘီလီယံ ရရှိခဲ့ပြီး ယခင်နှစ်ထက် ကျပ် ၅.၈ ဘီလီယံ တိုးတက်ရရှိခဲ့ပြီး လာမည့်နှစ်တွင် Shop House အရောင်းအဝယ် ပိုမိုမြင့်တက်လာရန်ရှိနေ




တညင်းကုန်းလက်ကားဈေးကို စီမံခန့်ခွဲလုပ်ကိုင်နေတဲ့ မြန်မာ အက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ရဲ့ စုစုပေါင်းဝင်ငွေက ၂၀၂၀-၂၁ ဘဏ္ဍာနှစ်မှာ ကျပ် ၈.၃ ဘီလီယံ ရရှိခဲ့တယ်လို့ ဘက်စုံဝင်ငွေရှင်းတမ်းမှာ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါဘေးရိုက်ခတ်မှုကြောင့် အနှုတ် သဘော ဆောင်တဲ့ သက်ရောက်မှုတွေရှိခဲ့ပေမယ့်လည်း ၂၀၁၉-၂၀ ဘဏ္ဍာနှစ်က ရရှိခဲ့တဲ့ ဝင်ငွေ ကျပ် ၂.၅ ဘီလီယံနဲ့နှိုင်းယှဉ်ရင် ၂၂၉ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ပြီး ကျပ် ၅.၈ ဘီလီယံအထိ ပိုမိုရရှိခဲ့တာလည်း ဖြစ်ပါတယ်။

Shop House ရောင်းချခြင်းမှ ရရှိတဲ့ဝင်ငွေက စုစုပေါင်းဝင်ငွေရဲ့ ၆၁ ရာခိုင်နှုန်းရှိနေပြီး ယခင်နှစ်က Shop House (၁)ခန်းသာ ရောင်းခဲ့ရပေမယ့် ယခုအစီရင်ခံကာလအတွင်း Shop House (၇) လုံး ရောင်းချခဲ့ရကာ လက်ရှိ စီးပွားရေးအခြေအနေအရ ငွေကြေးဖောင်းပွမှုကြောင့် အိမ်ခြံမြေဈေးကွက် ဖွံ့ဖြိုးလာသဖြင့် Shop House အရောင်းတိုးလာခဲ့တယ်လို့ဆိုပါတယ်။

ဈေးရုံလုပ်ငန်းက ဝင်ငွေများမှာလည်း ၃၇ ရာခိုင်နှုန်း တိုးတက်လာကာ ကျပ် ၃.၂ ဘီလီယံရရှိခဲ့ပြီး ဈေးရုံများ ငှားရမ်းဝင်ငွေ၊ မော်တော်ယာဉ်နဲ့ မော်တော်ဆိုင်ကယ်များ ဝင်ကြေးရရှိငွေတို့က အဓိကဝင်ငွေတိုးတက်စေခဲ့တယ်လို့ ရှင်းတမ်းမှာ ဖော်ပြထားပါတယ်။ အကြွမ်းအမြတ်ကလည်း ယခင်နှစ်က ကျပ် ၂.၁၂ ဘီလီယံရှိရာမှ အစီရင်ခံကာလအတွင်း ကျပ် ၄.၈၅ ဘီလီယံ ရရှိခဲ့ပြီး ၁၂၈ ရာခိုင်နှုန်း တိုးတက်လာကာ ဈေးရုံ (၃) နဲ့ ဈေးရုံ (၄) တို့မှ ဆိုင်ခန်းငှားခဝင်ငွေများ တိုးတက်လာလို့ အကြွမ်းအမြတ် ရာခိုင်နှုန်းတက်လာခြင်းလည်း ဖြစ်ပါတယ်။

ကိုဗစ်-၁၉ ဒုတိယ၊ တတိယလှိုင်းတို့ ပြင်းထန်ခဲ့ပေမယ့် တညင်းကုန်းဈေးမှာ ရောင်းချတဲ့ ကုန်ပစ္စည်းတွေက အခြေခံစားကုန်တွေဖြစ်တဲ့ ဟင်းသီးဟင်းရွက်များနဲ့ သီးနှံတွေဖြစ်တာကြောင့် ဆက်လက်တိုးတက် စည်းကားလျက်ရှိနေပြီး ဈေးအတွင်း သပ်ရပ်သန့်ရှင်းမှုတို့ကြောင့် ဈေးဝယ်သူတွေကို ပိုမိုဆွဲဆောင်နေတယ်လို့ သိရပါတယ်။

လာမယ့်နှစ်တွင် Shop House အရောင်းအဝယ် ပိုမိုမြင့်တက်လာဖို့ရှိနေပြီး ဘုရင့်နောင်ဈေးမှ ရွှေ့ပြောင်းဖွင့်လှစ်ခြင်း၊ တညင်းကုန်းဈေးမှာ လိုအပ်တဲ့ကုန်ပစ္စည်းတွေ တိုက်ရိုက်ရောင်းချနိုင်အောင် ပွဲရုံများဖွင့်လှစ်ခြင်း၊ ငွေကြေးဖောင်းပွမှုကြောင့် အိမ်ခြံမြေမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုလုပ်လာကြတာကြောင့်လည်းဖြစ်ပါတယ်။

**Source: BETV Business**

## တရုတ်-မြန်မာနယ်စပ်၌ အကောက်ခွန်ဖြတ်သန်းရန်အတွက် ခေတ္တစောင့်ဆိုင်းနေရသည့် ယာဉ်အစီးရေ ၈၀ ကျော်ရှိ

ယွမ်/ကျပ် တိုက်ရိုက် အသုံးပြုမှုစနစ်တွင် အကောက်ခွန်ဖြတ်သန်းရန်အတွက် တရုတ်-မြန်မာနယ်စပ်၌ ခေတ္တစောင့်ဆိုင်းနေရပြီး တရုတ်နိုင်ငံသို့ ဝင်ရောက်နိုင်ခြင်းမရှိသေးသည့် ကုန်တင်ကားအစီးရေ ၈၀ ကျော်ရှိကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ဇန်နဝါရီ ၂၈ ရက်တွင်ပြောသည်။

အဆိုပါ ကုန်တင်ကားများမှာ ဆန်၊ ဆန်ကွဲ၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ဆီးသီးခြောက်နှင့် အခြားစားသောက်ကုန်များ တင်ဆောင်ထားသည့် ကားများဖြစ်ပြီး ဖရဲ၊ သခွားကားများမပါဝင်ကြောင်း ဦးမင်းသိန်းကပြောသည်။ "ကျွန်တော်တို့ နှစ်နိုင်ငံနယ်စပ်မှာ ယွမ်/ကျပ် တိုက်ရိုက်ကုန်သွယ်မှုစနစ်ကို အကောင်အထည်ဖော်ဖို့အတွက် မြန်မာပြည်ကနေ တရုတ်ပြည်ကိုဝင်မယ့် အသီးအနှံကားကလွဲလို့ တခြားစားကုန်သောက်ကုန် တင်ဆောင်မယ့် ကားမျိုးစုံက ယွမ်ငွေနဲ့အခွန်ဆောင်ရမယ်ဆိုပြီးတော့ သတ်မှတ်ထားတာရှိတယ်။ ဒါပေမဲ့ အကောက်ခွန်ကလည်း အခွန်စည်းကြပ်မှုတွေ၊ အခွန်ဆောင်မယ့်ကိစ္စတွေ ဘယ်လိုဆက်သွားမယ်ဆိုတာ အတိအကျမသိရသေးတဲ့အတွက် ခေတ္တဆိုင်းငံ့ထားတယ်။ အဲဒီတော့ ဇန်နဝါရီ ၂၆ ရက်ကစပြီး ၂၈ ရက်အထိ သုံးရက်အတွင်းမှာ တရုတ်ပြည်ကို ဝင်ဖို့အတွက် ကားအစီးရေ ၈၀ ကျော် စောင့်ဆိုင်းနေရပါတယ်။ အဲဒီတော့ နိုင်ငံတော်အတွက်လည်း အခွန်အရမ်းနစ်နာပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိတွင် တရုတ်နိုင်ငံအတွင်းသို့ ဖရဲ၊ သခွားကားများသာ ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၂၆ ရက်တွင် ဖရဲ၊ သခွားနှင့် သီးနှံမျိုးစုံ တင်ဆောင်ထားသည့် ကားအစီးရေ ၁၀၀ ကျော်၊ ၂၇ ရက်တွင် ကားအစီးရေ ၈၅ စီး ဝင်ရောက်ခဲ့ကြောင်းသိရသည်။ အလားတူ မြန်မာနိုင်ငံဘက်သို့လည်း ဇန်နဝါရီ ၂၆ ရက်က တရုတ်နိုင်ငံထွက်ကုန်ပစ္စည်းမျိုးစုံ တင်ဆောင်ထားသည့် ကားအစီးရေ ၈၂ စီး၊ ၂၇ ရက်တွင် ၄၈ စီး ဝင်ရောက်ခဲ့ကြောင်းသိရသည်။

ထို့ပြင် မူဆယ် ၁၀၅ မိုင် စီးပွားရေးဇုန်တွင် အမေရိကန်ဒေါ်လာနှင့် အခွန်ဆောင်၍ မူဆယ်သို့ ဝင်ရောက်လာပြီးနောက် ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်မှစတင်ကာ တရုတ်ပြည်သို့ ဝင်ရောက်နိုင်ခြင်းမရှိဘဲ ခြောက်လကြာပိတ်မိနေသော ဆန်ကုန်စည်များ ရှိရာ လက်ရှိတွင် ကျင်စန်းကျော့ကုန်သွယ်ရေးစခန်းမှ တရုတ်သို့ဝင်ရောက်လိုပါက ယွမ်ငွေနှင့်အခွန်ထပ်မံ ပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။ "အခုက မူဆယ် ၁၀၅ မိုင်မှာ ဒေါ်လာနဲ့ အခွန်ဆောင်ပြီးတဲ့အပြင် ကျင်စန်းကျော့ကနေ တရုတ်ပြည်ကို ထပ်ဝင်မယ်ဆိုရင် ယွမ်ငွေနဲ့ ဆောင်ရမယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့က အခွန်ဆောင်တာ နှစ်ခါသဘောမျိုးဖြစ်သွားပြီ။ အဲဒီတော့ ကျွန်တော်တို့ ကုန်သည်တွေအတွက် အများကြီး နစ်နာဆုံးရှုံးမှုတွေဖြစ်တယ်။ ဆန်တွေက ခြောက်လလောက် ပိတ်မိနေလို့ အရောင်းအဝယ်မဖြစ်တာကတစ်မျိုး၊ ဆန်တွေ အရည်အသွေးညံ့သွားလို့ ဈေးကောင်းမရတာကတစ်မျိုး၊ နောက်တစ်ခါ ပို့ဆောင်ခတွေ၊ ခေါက်တိုခတွေ ဈေးမြင့်တာကတစ်မျိုး၊ အမျိုးစုံကြုံတွေ့နေရတဲ့အခြေအနေမှာ အခုဆက်ပြီးတော့ ၁၀၅ မိုင်မှာ အခွန်ဆောင်တာနဲ့ မပြီးသေးဘူး။ ဥပဒေအသစ်ထပ်ထွက်လာတဲ့အတွက် ယွမ်ငွေနဲ့အခွန်ထပ် ဆောင်ရမယ်ဆိုတော့ ကုန်သည်တွေက နှစ်ခါဆောင်ဖြစ်သွားပြီ။ ကုန်သည်တွေအတွက် အရမ်းနစ်နာတယ်။ ဒါကြောင့် တာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ ဒီကိစ္စကို ချင့်ချင့်ချိန်ချိန်နဲ့ ဆုံးဖြတ်ပေးစေချင်ပါတယ်"ဟု ဦးမင်းသိန်းကပြောသည်။

နှစ်နိုင်ငံနယ်စပ်ဒေသ၌ ယွမ်/ကျပ် တိုက်ရိုက်အသုံးပြု ကုန်သွယ်ခြင်းကို ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ စတင်ကာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်ရေးတွင် အမေရိကန်ဒေါ်လာအပေါ် မှီခိုမှုကို လျှော့ချနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်တွင် မော်ဒယ်နိမ့်ကားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မော်တော်ယာဉ်များလည်း ဈေးနှုန်းအနည်းငယ်မြင့်တက်

ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်တွင် မော်ဒယ်နိမ့်ကားများ ဈေးနှုန်းအနည်းငယ်မြင့်တက်လာပြီး ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မော်တော်ယာဉ်များလည်း ဈေးအနည်းငယ်မြင့်တက်လာကြောင်း မော်တော်ယာဉ်ရောင်းဝယ်သူများထံမှသိရသည်။ ဇန်နဝါရီလဆန်းပိုင်းတွင် မော်ဒယ်နိမ့် ၁၃၀၀ စီစီ မော်တော်ယာဉ်များမှာ အနည်း ဆုံး ကျပ် ၁၅ သိန်းမှ ကျပ်သိန်း ၂၀ အထိ မြင့်တက်လာကြောင်းသိရသည်။ “ဈေးကတော့ နည်းနည်းစီတက်လာတယ်။ ဥပမာ တိုယိုတာ Vitz ဆိုရင် အရင်တုန်းက ဘယ်လောက်မှမရှိဘူး။ အကွာရာမြင့်ဆို ၁၃၀ လောက်ပဲရှိတာ အခု ၁၆၀ လောက်ခေါ်နေတယ်”ဟု ပြည်တွင်းမော်တော်ယာဉ်ရောင်းဝယ်ရေးလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ယင်းသို့ ဈေးနှုန်းများမြင့်တက်နေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်မှာ နည်းပါးကြောင်း၊ အရောင်းအဝယ်ဖြစ်သည့် အခြေအနေမှာလည်း မော်ဒယ်နိမ့်မော်တော်ယာဉ်များသာ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ “ဈေးက နည်းနည်းတက်လာတယ်။ ဆီ စားသက်သာတဲ့ကောင်တွေလောက်ပဲ ပွဲဖြစ်တယ်။ ဈေးကတော့ခေါ်နေကြတယ်။ ကြိုက် ရောင်းကြိုက်ဝယ် ဖြစ်တာကများပါတယ်” ဟု ရန်ကုန်မြို့အခြေစိုက် မော်တော်ယာဉ်ရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။ ထို့ပြင် ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းရှိ ယာဉ်များ၏အရောင်းအဝယ်ဈေးနှုန်းမှာလည်း အနည်းငယ်မြင့်တက်လာကြောင်း ဈေးကွက်အတွင်းမှသိရသည်။ “အရင်တုန်းက အကျကားဆို ၁၅၀ လောက်နဲ့ရတယ်။ အခု ၁၇၀ လောက်ခေါ်တယ်။ အရင်က ၂၃၀ လောက်ရှိတဲ့ကားဆို ၂၅၀ လောက်ဖြစ်သွားတယ်” ဟု ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းတစ်ခုတွင် လိုင်းပြေးဆွဲနေသည့် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ယာဉ်လိုင်းမော်တော်ယာဉ်များမှာ အ ရောင်းအဝယ်ဖြစ်ခြင်းမှာ ရှားပါးကြောင်း၊ လိုင်းပြန်ဆွဲမည့် ပိုင်ရှင်များသာ အရောင်းအဝယ်ပြုလုပ်ခြင်းဖြစ်ပြီး ပြင်ပမှလာရောက်ဝယ်ယူသူမရှိသလောက်နည်းပါးကြောင်း သိရသည်။ “အပြင်ဝယ်လက်ကတော့

ရှားတယ်။ အချင်းချင်း ပြန်ဝယ်ပြန်ရောင်းကြတာများတယ်။ အခုက YBS လိုင်းတွေကလည်း သိပ်ကောင်းတာမဟုတ်ဘူး။ ကျပ် ၂၀၀ နဲ့က တွက်ခြေမကိုက်ဘူးလေ” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်တွင်းမော်တော်ယာဉ်ဈေးကွက်အတွင်း အကွာရာနှစ်လုံးတန်း ပရိဘောက်အမျိုးအစား အငှားယာဉ်ဆိုလျှင် အနည်းဆုံး ကျပ်သိန်း ၁၈၀ ခန့်အထိဈေးပေါက်နေပြီး နံပါတ်အနက် မော်ဒယ်နိမ့်မော်တော်ယာဉ်များတွင် အနည်းဆုံးကျပ်သိန်း ၂၀ ခန့်အထိ မြင့်တက်လာကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှသိရသည်။

**Source:** https://news-eleven.com/article/224817

## အာရှဒေသအတွက် သဘာဝဓာတ်ငွေ့အရည် ဈေးနှုန်းမြင့်တက်




https://www.myawady.net.mm/node/21408

ယခုသီတင်းပတ်အတွင်း အာရှဒေသအတွက် သဘာဝဓာတ်ငွေ့အရည် ဈေးနှုန်းမြင့်တက်လာပါတယ်။ အကြောင်းရင်းကတော့ ဂျပန်နိုင်ငံရဲ့ ရာသီဥတုက ပိုအေးလာပြီး တရုတ်နိုင်ငံမြောက်ပိုင်းဒေသရှိ နယ်မြေတချို့ကလည်း ဝယ်လိုအားမြင့်တက်လာကာ ရုရှားနိုင်ငံကနေ ဥရောပဒေသကို သဘာဝဓာတ်ငွေ့အရည်ရောင်းချမှု အတားအဆီးဖြစ်လာနိုင်ဖွယ်ရှိမှုတို့ကြောင့်ပါပဲ။ မြင့်တက်သွားတဲ့ ဈေးနှုန်းအနေနဲ့ မတ်လအတွက် အရှေ့မြောက်အာရှဒေသကို သဘာဝဓာတ်ငွေ့အရည် အရောက်ပို့ဈေးနှုန်းက mmBtu ကို အမေရိကန်ဒေါ်လာ ၂၇ ဒေါ်လာရှိလာပါတယ်။ ဒီပမာဏဟာ ပြီးခဲ့တဲ့သီတင်းပတ်က ဈေးနှုန်းထက် ၁၇ ဒသမ ၄ ရာခိုင်နှုန်း ဒါမှမဟုတ် ၄ ဒေါ်လာအထိ မြင့်တက်လာတာဖြစ်ကြောင်း စွမ်းအင်သတင်း အရင်းအမြစ်တွေက ပြောပါတယ်။

ဂျပန်နိုင်ငံမှာ ရာသီဥတုအေးလာခြင်းက စုဆောင်းထားတဲ့ သဘာဝဓာတ်ငွေ့အရည်ပမာဏကို ခဏအတွင်းမှာ ပင်ကုန်သွားစေပြီး နိုင်ငံအတွင်း သဘာဝဓာတ်ငွေ့အရည် ပြတ်လပ်မှုမရှိစေရေးအတွက် ရတဲ့ဈေးနဲ့ ဝယ်ယူဖြည့်တင်းနေရတယ်လို့ ကုန်သည်တွေကပြောပါတယ်။ အာရှဒေသတစ်ဝန်း အပူချိန်ကလာမယ့် ဖေဖော်ဝါရီလအထိ ပုံမှန်ထက်အေးနေဦးမှာဖြစ်ကာ ဂျပန်နိုင်ငံရဲ့ ပုံမှန်အပူချိန်အောက် ၁ ဒီဂရီစင်တီဂရိတ်ကနေ ၂ ဒီဂရီစင်တီဂရိတ်အတွင်း ရှိနိုင်တယ်လို့ မိုးလေဝသပညာရှင် အိုင်းဆက်ဟန့်က ခန့်မှန်းထားပါတယ်။

ဒါကြောင့်လည်း အာရှဒေသမှာရှိတဲ့ ကုန်သည်တွေက လက်ရှိဥရောပကိုပို့နေတဲ့ အမေရိကန်ရဲ့ သဘာဝဓာတ်ငွေ့အရည်တွေကို အာရှတိုက်ဆီရောက်ရှိလာစေဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ ဒ့ါအပြင် တရုတ်နိုင်ငံမှာ ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်စတင်ဖို့ နီးကပ်လာချိန်နဲ့ တရုတ်အစိုးရကလည်း သန့်ရှင်းကောင်းကင်ယံစီမံကိန်းကို အကောင်အထည်ဖော်နေချိန်တို့မှာ သူတို့အနေနဲ့ သန့်ရှင်းတဲ့လောင်စာတွေကို အသုံးပြုဖို့လိုအပ်လာတာကြောင့် လာမယ့်သီတင်းပတ်အတွင်း သဘာဝဓာတ်ငွေ့အရည်ဝယ်လိုအား မြင့်တက်လာနိုင်ဖွယ်ရှိတယ်လို့ ဈေးကွက်ကျွမ်းကျင်ပညာရှင် ရိုင်ယန်မက်ကေးက ပြောထားပါတယ်။

နောက်တစ်ချက်က ဥရောပဒေသရဲ့ သဘာဝဓာတ်ငွေ့အရည်ဝယ်လိုအား အခြေအနေပါ။ ဥရောပဒေသဟာ ယခုလအတွင်း သဘာဝဓာတ်ငွေ့အရည်ကို စံချိန်တင်နှုန်းထားတစ်ခုအထိ တင်သွင်းထားပါတယ်။ စုစုပေါင်းပမာဏအားဖြင့် ၁၀ ဒသမ ၈ ဘီလီယံကုဗမီတာရှိပါတယ်။ အဲဒီထဲကမှ ၄၅ ရာခိုင်နှုန်းလောက်ကို အမေရိကန်ဆီကနေတင်သွင်းနေတာပါ။

လက်ရှိအနေအထားအရတော့ အမေရိကန်ဆီက သဘာဝဓာတ်ငွေ့အရည်တွေ ဥရောပဒေသကို ပုံမှန်ဝင်နေသေးတဲ့အတွက် ဥရောပအနေနဲ့ အသက်ရှူချောင်နေသေးတယ်လို့ ယူဆနိုင်ပါတယ်။ ဒါပေမဲ့ လတ်တလောဖြစ်ပွားနေတဲ့ ကမ္ဘာ့နိုင်ငံရေး အခြေအနေအရ ရုရှားနဲ့ယူကရိန်းတို့ကြား လက်နက်ကိုင်ပဋိပက္ခဖြစ်ပြီဆိုရင် ဥရောပဆီ အများဆုံးဝင်နေတဲ့ ရုရှားရဲ့သဘာဝဓာတ်ငွေ့အရည် ထောက်ပံ့မှုလမ်းကြောင်းက ပြတ်တောက်သွားနိုင်ပါတယ်။

အကယ်၍ ဒီလိုသာပြတ်တောက်သွားပြီဆိုရင် ဥရောပဝယ်လက်တွေအနေနဲ့ သဘာဝဓာတ်ငွေ့အရည်ပမာဏ အမြောက်အများလိုအပ်လာမှာပါ။ ဒါကြောင့် ဒီလိုအခြေအနေသာ ဖြစ်လာခဲ့မယ်ဆိုရင် ဥရောပဒေသအတွက်နဲ့ အာရှဒေသ

အတွက် သဘာဝဓာတ်ငွေ့ အရည်ဈေးနှုန်းဟာ မိုးထိအောင်မြင့်တက်သွားနိုင်ပါတယ်။ ဒါ့အပြင် ဥရောပဒေသကို ဝင်ရောက်နေတဲ့ သဘာဝဓာတ်ငွေ့တင် သင်္ဘောတွေဟာလည်း သူ့ထက်ဈေးကောင်းရတဲ့ အာရှဒေသနဲ့တခြားဈေးကွက်တွေဆီကို ဝင်ရောက်သွားနိုင်ပါတယ်။

အခုလက်ရှိအခြေအနေမှာကိုပဲ ဥရောပဒေသက အမေရိကန်ဆီက သဘာဝဓာတ်ငွေ့ အရည်တင်ပို့မှု အမြောက်အမြားကို လက်ခံရရှိထားပေမယ့် တချို့သဘာဝဓာတ်ငွေ့တင်သင်္ဘောတွေကတော့ အာရှဒေသဆီ ဦးတည်သွားရောက်နေပါပြီ။

**Source: NCA**

https://www.myawady.net.mm/node/21408

## စားအုန်းဆီဈေးတစ်တန် ရင်းဂစ် ၅,၅၀၀ အထိ မြင့်တက်



https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4237-palm-oil.html

စားအုန်းဆီဈေး တစ်တန် ရင်းဂစ် ၅,၅၀၀ အထိ မြင့်တက်နေပြီး စံချိန်သစ်များ ထပ်မံဖြစ်ပေါ်နိုင်ပါတယ်လို့ စောင့်ကြည့်လေ့လာသူတွေက ခန့်မှန်းထားကြပါတယ်။ ဆီအုန်းစိုက်ပျိုးပြီး စားအုန်းဆီအမျိုးမျိုး ထုတ်လုပ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ စားအုန်းဆီပို့ကုန်အပေါ် အခွန်ကောက်ခံတဲ့အပြင် ပြည်တွင်းဈေးကွက်ထဲသို့ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ပမာဏကို မဖြစ်မနေရောင်းချဖို့ကိုလည်း ဖယ်ထားရမှာဖြစ်ပါတယ်။

စားအုန်းဆီ အကြမ်းနဲ့အချော တင်ပို့ကြတဲ့ ပို့ကုန်လုပ်ငန်းရှင်များ အနေဖြင့် ပို့ကုန်ပမာဏ စုစုပေါင်းရဲ့ ၂၀% ကို ပြည်တွင်းဈေးကွက်အတွက် ဖယ်ထားရမှာ ဖြစ်တယ်လို့ အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး Muhammad Lutfi က ပြောကြားခဲ့ပါတယ်။ စားအုန်းဆီကြမ်း crude palm oil ပြည်တွင်းဈေးကွက် ရောင်းဈေး တစ်ကီလိုဂရမ်ကို ရူပီယာ ၉,၃၀၀ (ကန်ဒေါ်လာ ၀.၆၅) ဖြင့်လည်းကောင်း၊ ဆီချော palm olein ကို ရူပီယာ ၁၀,၃၀၀ ဖြင့်လည်းကောင်းရောင်းချရန် ဈေးနှုန်းသတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

ဟင်းသီးဟင်းရွက်ဆီ အမျိုးမျိုးရှိတဲ့အနက် စားအုန်းဆီအများဆုံးတင်ပို့တဲ့ အင်ဒိုနီးရှားမှာ ပြဋ္ဌာန်းချက်အသစ်ကြောင့် တင်ပို့ပမာဏလျော့ကျနိုင်ပြီး ဈေးနှုန်းမြင့်တက်နေချိန် ဒုတိယအများဆုံးတင်ပို့တဲ့မလေးရှားမှာ စိုက်ခင်းလုပ်သားမရရှိတာကြောင့်နဲ့ ထုတ်လုပ်မှုလျော့ကျနေတာကြောင့် စားအုန်းဆီဈေး မြင့်တက်နေပါတယ်။ အခြားဟင်းသီးဟင်းရွက်ဆီ ပဲပုပ်ဆီနှင့် နေကြာဆီတို့လည်း ဈေးမြင့်တက်ပါတယ်။

အင်ဒိုနီးရှားမှ ကြေညာချက်ကြောင့် ဖေပြီလအတွက် ကြိုရောင်းကြိုဝယ်ဈေးနှုန်း ၃.၂% မြင့်တက်ပြီး တစ်တန်လျှင် မလေးရှားရင်းဂစ် ၅,၅၀၀ အထိ မြင့်တက်သွားပါတယ်။ မလေးရှားနိုင်ငံမှ စားအုန်းဆီထုတ်လုပ်မှု ဇန်နဝါရီလမှာ ဒီဇင်ဘာလထက် ၁၀-၁၄% လျော့နည်းခဲ့ပါတယ်။ စိုက်ခင်းလုပ်သား မရရှိတဲ့ပြဿနာ ဖေပြီလအထိ ရှည်ကြာနေဦးမှာဖြစ်ပါတယ်။ ပြည်တွင်းလုပ်သားများက စိုက်ခင်းမှာ လုပ်ကိုင်လိုကြခြင်းမရှိတာကြောင့် ၈၅% ခန့်ကို ပြည်ပလုပ်သား အသုံးပြုရပါတယ်။ ကိုဗစ်ကြောင့် ပြည်ပလုပ်သားလာရောက်ဖို့ အတားအဆီးရှိနေဆဲဖြစ်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4237-palm-oil.html

## ကပ်ရောဂါကာလအတွင်း ဘယ်လ်ဂျီယံနိုင်ငံရှိ စားသုံးသူများက ပြည်တွင်းထုတ်ကုန်များကို ပိုမို ဝယ်ယူလာကြခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ နေထိုင်သူများသည် ပြည်တွင်းထုတ်ကုန်များနှင့် ရာသီစာလတ်ဆတ်ကုန်များကို ပိုမိုဝယ်ယူစားသုံးလာကြကြောင်းနှင့် စားသောက်ကုန်များ၏ ပင်ရင်းထုတ်လုပ်ရာဒေသ (Origins)နှင့်ပတ်သက်၍ ပိုမိုသတိပြုမိလာကြကြောင်းသိရပါသည်။ ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း ဘေးကင်းလုံခြုံမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ (Federal Agency for the Safety of the Food Chain - FASFC) က ကောက်ယူခဲ့သည့် စစ်တမ်းအရ ဘယ်လ်ဂျီယံရှိ စားသုံးသူများ၏ လေးပုံတစ်ပုံနီးပါးပမာဏဖြစ်သည့် (၂၃.၆) ရာခိုင်နှုန်းမှာ ကိုရိုနာဗိုင်းရပ်စ်

အကျပ်အတည်းကာလအတွင်း ပြည်တွင်းထုတ်ကုန်များကို ပိုမိုဝယ်ယူစားသုံးခဲ့ကြခြင်းဖြစ်ပါသည်။

စစ်တမ်းဖြေဆိုသူများ၏ ငါးပုံတစ်ပုံက ၎င်းတို့သည် ပြည်တွင်းထုတ်ကုန်များရောင်းချသည့် စတိုးဆိုင်များ၊ ကုန်စုံဆိုင်များ၊ မုန့်ဆိုင်များနှင့် သားသတ်ရုံများကို ရွေးချယ်ဝယ်ယူခဲ့ကြသည်ဟုဖော်ပြခဲ့ကြပြီး၊ ဖြေဆိုသူများ၏ (၁၄.၂) ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် စူပါမတ်ကတ်များနှင့် ဟိုက်ပါမတ်ကတ်များ၌ စားသောက်ကုန်များဝယ်ယူမှုကို ယခင်ကထက်လျှော့ချခဲ့ကြသည်ဟု ဖြေကြားခဲ့ ပါသည်။

ထို့ပြင် ဘယ်လ်ဂျီယံရှိ စားသုံးသူများသည် စားသောက်ကုန်အရည်အသွေးနှင့် ထုတ်လုပ်သည့်ပင်ရင်းနိုင်ငံတို့အပေါ် ပိုမိုအာရုံထားလာကြသည်ဟု စစ်တမ်းကဖော်ပြပါသည်။ စစ်တမ်းဖြေဆိုသူ (၂၀) ရာခိုင်နှုန်းက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားချိန်မှစ၍ ၎င်းတို့သည် စားသောက်ကုန်များတွင် ပါဝင်သည့်ပစ္စည်းများနှင့် ထုတ်လုပ်သည့်ပင်ရင်းဒေသတို့အပေါ် ပို၍အလေးထားကြည့်ရှုလာကြသည်ဟုဆိုသည်။ အလားတူ ဘယ်လ်ဂျီယံ၏စားသုံးသူများအနက် (၂၀) ရာခိုင်နှုန်းကျော်က ကျန်းမာရေးနှင့်ညီညွတ်မှုရှိသော လတ်ဆတ်ထုတ်ကုန်များနှင့် အော်ဂဲနစ်ထုတ်ကုန်များကို ပိုမိုရွေးချယ်ဝယ်ယူလာကြကြောင်း သိရပါသည်။


အဆိုပါအချက်အလက်များအရ စားသောက်ကုန်များတွင် တံဆိပ်ကပ်ဖော်ပြခြင်း (food labelling) နှင့် စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် နောက်ကြောင်းခြေရာခံခြင်း (traceability) တို့မှာ စားသောက်ကုန်များဘေးကင်းလုံခြုံမှုနှင့် စားသုံးသူများ၏ကျန်းမာရေးတို့ကို ကာကွယ်ပေးရန်အတွက် မရှိမဖြစ်အရေးပါသော အစိတ်အပိုင်းများ ဖြစ်လာသည်ဟု FASFC က ဖော်ပြပါသည်။

စားသောက်ကုန်ဘေးအန္တရာယ်ကင်းစင်မှုနှင့် စားသုံးသူများ၏ ကျန်းမာရေးကို အကာအကွယ်ပေးနိုင်မှု သေချာစေရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံ၏ စားသောက်ကုန်လုပ်ငန်း ဘေးကင်းလုံခြုံမှုဆိုင်ရာ ဖက်ဒရယ်အေဂျင်စီ၏ စစ်ဆေးသူများက နေ့စဉ်ကုမ္ပဏီများနှင့်စားသောက်ကုန်များစွာကို စစ်ဆေးကြောင်း၊ တစ်နှစ်လျှင် စားသောက်ကုန်နမူနာ (၇၀,၀၀၀) ခန့်ကို ထုတ်ယူစစ်ဆေးပြီး၊ စားသောက်ကုန်များ၏ (၉၆) ရာခိုင်နှုန်းမှ (၉၈) ရာခိုင်နှုန်းသည် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့ပြင် ၎င်းအေဂျင်စီအနေဖြင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းငယ်များအား စားသောက်ကုန်ဘေးကင်းမှု စည်းမျဉ်းများကိုနားလည်စေရန် အခမဲ့သင်တန်းများကိုလည်း ဖွင့်လှစ်ပို့ချပေးကြောင်းသိရပါသည်။

Source: https://www.brusselstimes.com/health/202221/people-in-belgium-turn-to-local-products-during-pandemic

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

## တောင်ကိုရီးယားနိုင်ငံအခြေပြု အာရှတိုက်၏ဒုတိယအကြီးဆုံးB2B E-commerce Platform ဖြစ်သော ECPlaza(www.ecplaza.net) တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မြန်မာ့ပို့ကုန်တိုးတက်ရေးအတွက် Myanmar Pavilion (မြန်မာပြခန်းဆောင်) ကို Cyber King Co., Ltd. ၏ နည်းပညာပူးပေါင်းပံ့ပိုးမှုဖြင့် လွှင့်တင်ဖွင့်လှစ်နိုင်ခဲ့





တောင်ကိုရီးယားနိုင်ငံအခြေပြု အာရှတိုက်၏ဒုတိယအကြီးဆုံးတစ်ခုဖြစ်သော ECPlaza (www.ecplaza.net)ပေါ်တွင် မြန်မာပြခန်းဆောင်(Myanmar Pavilion)လွှင့်တင်ခြင်း ဖွင့်ပွဲအခမ်းအနားကို (၂၇-၁-၂၀၂၂) ရက်နေ့၊ ကိုရီးယားစံတော်ချိန် (၁၅:၃၀)

နာရီအချိန်တွင် (Online) စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ ဦးဆောင်သည့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာရှိကြီးများ၊ မြန်မာသံရုံး၊ ဆိုးလ်မြို့ စီးပွားရေးသံမှူး၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့မှ မြန်မာစီးပွားရေးသံမှူးများ၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ လက်အောက်ရှိ အနယ်နယ်အရပ်ရပ်မှ Trade Center တာဝန်ခံများ၊ Cyber King Co., Ltd. ၏ CEO ဦးမြတ်သူနှင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး၊ တောင်ကိုရီးယားနိုင်ငံဘက်မှ ရန်ကုန်မြို့ KOTRA ရုံးခွဲ (Korea Desk) ၏ တာဝန်ခံ Director ဖြစ်သူ Mr. Kyung Kaung Jun၊ Ecplaza Network Inc. ၏ဥက္ကဋ္ဌ Mr. Park Inkyu ဦးဆောင်သော ကုမ္ပဏီ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း (၅၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကား ပြောကြား၍ ECPlaza ပေါ်ရှိ "မြန်မာပြခန်းဆောင်" ကို ဖွင့်လှစ်ပေးခဲ့ပြီး၊ သက်ဆိုင်ရာ မြန်မာ-ကိုရီးယား တာဝန်ရှိပုဂ္ဂိုလ်အသီးသီးက ECPlaza B2B E-Commerce Platform ပေါ်ရှိ မြန်မာပြခန်းဆောင်ကိုအသုံးပြု၍ မြန်မာ-ကိုရီးယား ကုန်သွယ်မှုတိုးတက်စေရေး၊ မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရေးနှင့်တင်ပို့ရောင်းချရေးတို့အတွက် ဆွေးနွေးကာ ECPlaza တာဝန်ရှိသူများမှ Website အသုံးပြုပုံများနှင့် အနာဂတ်လုပ်ငန်းအစီအစဉ်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ECPlaza သည် တောင်ကိုရီးယားနိုင်ငံအခြေပြု၍ အာရှတိုက်၏ဒုတိယအကြီးဆုံး အောင်မြင်သည့် B2B E-Commerce Platform တစ်ခုဖြစ်ပါသည်။ ဤကဲ့သို့ မြန်မာပြခန်းဆောင်အား ECPlaza ပေါ်တွင်လွှင့်တင်ဆောင်ရွက်ရန်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်ကိုရီး ယားနိုင်ငံ၊ ဘူဆန်မြို့၌ ကျင်းပခဲ့သော ASEAN-Korea Commemorative Summit 2019 ၏ ပူးတွဲ အခမ်းအနားတစ်ခုဖြစ်သည့် 2019 ASEAN-Korea Startup Week တွင် စတင်အခြေပြုခဲ့ပြီး၊ ယခုကဲ့သို့ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အဓိက စီစဉ်လမ်းညွှန်ပံ့ပိုးမှု၊ မြန်မာနိုင်ငံ Cyber King Co., Ltd. နှင့် တောင်ကိုရီးယားနိုင်ငံ၊ Ecplaza Network Inc. တို့၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သက်ဆိုင်ရာ မြန်မာ-ကိုရီးယား စီးပွားရေးသံမှူးများနှင့် စီးပွားရေးရာပူးပေါင်းအဖွဲ့များ လိုအပ်သကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဤကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါ ECPlaza website ပေါ်ရှိ Myanmar Paviliion (မြန်မာပြခန်းဆောင်)တွင် မြန်မာ့အရည်အသွေးမီ လယ်ယာထွက်ကုန်စည်များ၊ ရေထွက်ကုန်စည်များ၊ မြန်မာ့ကော်ဖီ၊ လက် ဖက်ရည်နှင့် စားသောက်ကုန်စည်များ၊ သစ်သီးဝလံများ၊ အိမ်အလှဆင်နှင့် အမှတ်တရ လက်ဆောင် တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များ (Value Added Product)များ စသည့် မြန်မာ့ပို့ကုန်များကို လွှင့်တင်ပြသ၍ ရောင်းချနိုင်ပြီဖြစ်ရာ၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ကုန်သွယ်မှု ပိုမို မြှင့်တင်နိုင်ရေး နှင့် နိုင်ငံတကာဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရေးတို့ကို လက်ရှိကိုဗစ်ကာလ စိန်ခေါ်မှု များကို အံတုလျက် ပုံမှန် Offline ကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်မှုများအပြင် 4IR ခေတ်စနစ်နှင့်အညီ E-Commerce စနစ်ဖြင့် New Normal Digital Life ၏ကုန်သွယ်မှုမြှင့်တင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုပင်ဖြစ်ပါကြောင်း ဂုဏ်ယူစွာဖြင့် တင်ပြလိုက်ရပါသည်။

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## အိန္ဒိယနိုင်ငံ၌ ခရိုင်တစ်ခုထုတ်ကုန်တစ်ခုအစီအစဉ်အား မြှင့်တင်ဆောင်ရွက်

အိန္ဒိယနိုင်ငံ၌ ပြည်တွင်းကုန်ထုတ်လုပ်မှုကိုမြှင့်တင်၍ ပြည်ပသို့တင်ပို့နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိရာ အိန္ဒိယစက်မှုလုပ်ငန်းမြှင့်တင်ရေးနှင့် ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန (DPIIT) သည် ခရိုင်တစ်ခုထုတ်ကုန်တစ်ခု အစီအစဉ် (ODOP Initiative) အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညီလာခံဆွေးနွေးပွဲကို ၂၁-၁-၂၀၂၂ နေ့၌ ကျင်းပခဲ့ပါသည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ၂၄-၁-၂၀၂၂ နေ့၌ သတင်းထုတ်ပြန်ရာတွင် အဆိုပါညီလာခံ၌ DPIIT ဌာနမှ အရန်အတွင်းဝန် Ms. Sumita Dawra က သဘာပတိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက် ပြည်နယ်/ပြည်ထောင်စု နယ်မြေအစိုးရအဖွဲ့များမှ အတွင်းဝန်များ၊ ပြည်နယ်များရှိ စက်မှုလုပ်ငန်းမြှင့်တင်ရေးဌာနများမှ တာဝန်ရှိသူများ တက်ရောက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်သည် သစ်ကြားသီးနှင့်ပန်းသီးတို့ကို ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု (ODOP) လုပ်ငန်းအဖြစ် Dubai Expo 2020 ၌ ပါဝင်ပြသလျက် ရောင်းသူ-ဝယ်သူ ချိတ်ဆက်တွေ့ဆုံပွဲများပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှု

လွယ်ကူချောမွေ့စေရေးကို အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်သည်လည်း ၎င်း၏ခရိုင်များ အားလုံးမှ လက်မှုအနုပညာရှင်များနှင့် ကုန်ထုတ်လုပ်သူများအတွက် ODOP အကောင်အထည်ဖော်ဆောင်မှုကို စံနမူနာပြလုပ် ဆောင်နိုင်ခဲ့ကြောင်း၊ အလားတူ တြိပူရပြည်နယ်သည်လည်း ပြည်နယ်အစိုးရနှင့် ODOP အဖွဲ့များအကြား ပူးပေါင်းလုပ်ကိုင်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် လမ်းပြမြေပုံအား ချမှတ်နိုင်ခဲ့ပြီး ခရိုင် ၈ ခုလုံးမှ ထုတ်ကုန် ၁ မျိုးစီအား ပြည်ပတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း DPIIT ဌာနရှိ အိန္ဒိယရင်းနှီးမြှုပ်နှံမှုအေဂျင်စီ (Invest India) သည် ODOP လုပ်ငန်းများအတွက် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ကုန်သွယ်မှုလွယ်ကူစေရေး အစီအမံများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရာဂျပ်စတန်ပြည်နယ်မှ Molela လက်မှုအနုပညာသည်များသို့ ဒီဇိုင်းရေးဆွဲမှုသင်တန်းပို့ချခြင်း၊ အာသံပြည်နယ်ရှိ Muga ပိုးထည်လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်မှု သင်တန်းဖွင့်လှစ်ခြင်း၊ မီဂါလာရာပြည်နယ်ရှိ Lakadong နနွင်းတက် စိုက်ပျိုးထုတ်လုပ်သူများအတွက် နှစ်စဉ်ကုန်သွယ်မှုလွယ်ကူရေး ကူညီပံ့ပိုးခြင်းတို့ကို အဆိုပါအေဂျင်စီက ဆောင်ရွက်ခဲ့ပြီး Dubai Expo 2020 ကဲ့သို့သော နိုင်ငံတကာကုန်စည်ပြပွဲများတွင် ပို့ကုန်မြှင့်တင်ရေးပါဝင်ပြသနိုင်ခဲ့ကြောင်း ဖော်ပြပါသည်။


အဆိုပါ ခရိုင်တစ်ခု ထုတ်ကုန်တစ်ခု ညီလာခံဆွေးနွေးပွဲ၌ ODOP လုပ်ငန်းအစီအစဉ်အား ပြည်နယ်များမှ ချိတ်ဆက်ဆောင်ရွက်မည့် လမ်းပြမြေပုံကို ချမှတ်ခဲ့ကြောင်း၊ ပြည်နယ်များမှ ထုတ်ကုန်ရောင်းချလိုသူများ၏ အချက်အလက်များကို မျှဝေဖလှယ်၍ ဝယ်လက်များနှင့်ချိတ်ဆက်နိုင်ရေး ODOP လုပ်ငန်းအဖွဲ့များက ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် ခရိုင်တစ်ခု ထုတ်ကုန်တစ်ခုလုပ်ငန်းများအား အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်နယ်တစ်ခုစီတွင် တာဝန်ယူဆောင်ရွက်မည့် အရာရှိများကို ခန့်အပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် ကျေးလက်ဒေသရှိ လက်မှုအနုပညာရှင်များ၏ ODOP လုပ်ငန်းအစီအစဉ်မှ ထုတ်ကုန်များကို အင်တာနက်ကွန်ယက်စနစ်၌ အခြေပြုရောင်းချနိုင်ရေးအတွက် e-commerce လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီကြီးများနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါသည်။ DPIIT ဌာနမှ ညွှန်ကြားရေးမှူး Mr. B. Ramanjaneyulu က အိန္ဒိယနိုင်ငံတစ်ဝန်းလုံးတွင် ODOP Initiative အား ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်များရှိ စက်မှုလုပ်ငန်းဌာနများအနေဖြင့် တက်ကြွစွာ ပါဝင်ပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

Source: 'One District One Product' (ODOP) initiative of Centre, 24-1-2022, Press Information Bureau of India

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (31.1.2022)




Stock trading data

As of 31st Jan. 2022

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 2,372 | 18,976,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,000 | -50 | -1.64% | 3,000 | 3,000 | 3,000 | 7,557 | 22,671,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 10 | 80,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 140 | 2,730,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,700 | 2,700 | 2,650 | 394 | 1,044,600 | 12,823,224 | 33,982 |
| EFR | 00006 | 2,850 | -100 | -3.39% | 2,950 | 2,950 | 2,850 | 30 | 87,500 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +300 | +5.88% | 5,400 | 5,400 | 5,400 | 2 | 10,800 | 10,497,598 | 56,687 |

## Market summary

As of 31st Jan. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 379.79 | -2.95 | -0.77% | 379.49 | 380.93 | 379.12 | 10,505 | 45,599,900 | 7 | 660,682 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 31st Jan. 2022

| MYANPIX | 379.79 ▼ 2.95 |
|---|---|
| Total Volume (shares) | 10,505 |
| Total Value (MMK) | 46 mil |
| Listed Company | 7 |
| Market Cap. (MMK) | 660,682 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 3,000 | ▼ 50 |
| MCB | 00003 | 8,000 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,850 | ▼ 100 |
| AMATA | 00007 | 5,400 | ▲ 300 |